# ပုဂ္ဂလိက(ရော်ဘာ၊ ဆီအုန်း၊ စက်မှုကုန်ကြမ်း)စိုက်ခင်းတည်ထောင်ခြင်းဆိုင်ရာ
# လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ

(၁) သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးဌာနမှတဆင့် ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာန၊ ၎င်းမှတဆင့် ဦးစီးရုံးချုပ်သို့ တင်ပြခွင့်ပြုချက်ရယူခြင်း။

(၂) ဦးစီးရုံးချုပ်မှလျှောက်ထားမြေအား ကွင်းဆင်းစစ်ဆေးတင်ပြစေခြင်း။

(၃) ကွင်းဆင်းစစ်ဆေးမှု အစီရင်ခံစာနှင့်အတူ ညွှန်ကြားရေးမှူး၏ သဘောထားမှတ်ချက် တင်ပြစေခြင်း။

(၄) လုပ်ငန်းရှင်များမှ အောက်ဖော်ပြပါအချက်များတင်ပြရန်လိုအပ်ခြင်း-

(က) ကိုယ်ရေးအချက်အလက်နှင့်ပတ်စ်ပို့ဓါတ်ပုံ(၅)ပုံ၊

(ခ) အိမ်ထောင်စုဇယားမိတ္တူ၊

(ဂ) နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ၊

(ဃ) ငွေကြေးပိုင်ဆိုင်မှုအထောက်အထားမှုရင်း (Bank Statement)

(င) သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(စ) နှစ်အလိုက်စိုက်ပျိုးဆောင်ရွက်မည့် လုပ်ငန်းစီမံချက်။

(၅) ပုဂ္ဂလိကနှစ်ရှည် (ရော်ဘာနှင့်ဆီအုန်း) စိုက်ပျိုးပြီးဧရိယာများအား စာချုပ်ချုပ်ဆိုခွင့် တင်ပြလာရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက် ရယူတင်ပြစေခြင်း။

(၆) ပုဂ္ဂလိက(ဆီအုန်း)စိုက်ပျိုးပြီးဧရိယာအား ထောက်ခံတင်ပြရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၏စိုက်ပျိုးပြီးကြောင်း ထောက်ခံချက် လိုအပ်ခြင်း။

(၇) လိုအပ်သည့်အချက်အလက်များ ပြည့်စုံပါက ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြခြင်း။

(၈) ပြည်ထောင်စုဝန်ကြီးရုံး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၏ စီမံခန့်ခွဲမှုကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ခွင့်ပြုခြင်း(သို့မဟုတ်)ခွင့်မပြုခြင်း။

(၉) ဦးစီးရုံးချုပ်မှ ပြည်ထောင်စုဝန်ကြီးရုံး၏ အကြောင်းကြားစာထပ်ဆင့်ထုတ်ပြန်ခြင်း။

(၁၀) လုပ်ငန်းရှင်မှ သက်ဆိုင်ရာမြို့နယ်တွင် အခွန်ငွေနှင့် လုပ်ငန်းအာမခံငွေများပေးသွင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်သစ်တောဦးစီးဌာနတွင် စာချုပ်ချုပ်ဆိုခြင်း။

(၁၁) အခွန်ငွေပေးသွင်း၍ စာချုပ်ချုပ်ဆိုရာတွင် စီမံချက်ပါအတိုင်းပထမနှစ်ဆောင်ရွက်မည့် ဧရိယာ(ဧက)ကိုသာ အခွန်ငွေသွင်းစာချုပ်ချုပ်ဆိုခြင်း။

(၁၂) ဒုတိယနှစ်အား စာချုပ်ချုပ်ဆိုခွင့် တောင်းခံလာပါက ပထမနှစ်အတွင်း စီမံချက်ပါ အတိုင်းအကောင်အထည်ဖော်နိုင်မှုရှိ/မရှိ ကွင်းဆင်းစစ်ဆေး၍ ဦးစီးရုံးချုပ်သို့ တင်ပြ ခွင့်ပြုချက်ရယူစေခြင်း။

(၁၃) ဦးစီးရုံးချုပ်၏ ခွင့်ပြုချက်ဖြင့် ဒုတိယနှစ်၊ တတိယနှစ် စသည်ဖြင့် ဆက်လက်အခွန် ငွေသွင်းခြင်း၊ စာချုပ်ချုပ်ဆိုခြင်းပြုစေခြင်း။